# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ပြည်တွင်းအခွန်များဦးစီးဌာန

## လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်

အမှတ်၊ ၃ / ၂၀၁၉

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင် လ ၅ ရက်)

**အတိုး (Interest) နှင့် ခိုင်ကြေး (Royalty) ပေးချေမှုများအပေါ် ပင်ရင်းမှနုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန် (Withholding Tax – WHT) တွက်ချက်ခြင်း**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ဝင်ငွေခွန်ဥပဒေ ပုဒ်မ၁၆၊ ပုဒ်မခွဲ (ခ) အရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ်၊ ၄၇/၂၀၁၈ တွင် ပါဝင်သည့် အတိုး (Interest) နှင့် ခိုင်ကြေး (Royalty) ပေးချေမှုများအပေါ် ပင်ရင်းမှနုတ်ယူပေးသွင်းရမည့် ဝင်ငွေခွန်တွက်ချက်ရာတွင် မည်သို့လိုက်နာကျင့်သုံးရမည်ကို ရှင်းလင်းစွာ သိရှိနိုင်စေရန်အတွက် ထုတ်ပြန်သတ်မှတ်ရခြင်း ဖြစ်ပါသည်။

**သက်ဆိုင်သည့်အကြောင်းအရာ**

၂။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်သည် ပြည်ပနေနိုင်ငံခြားသားသို့ အတိုးပေးချေရာတွင်လည်းကောင်း၊ ပြည်တွင်းနေနိုင်ငံသား (သို့မဟုတ်) ပြည်တွင်းနေနိုင်ငံခြားသားသို့ဖြစ်စေ၊ ပြည်ပနေနိုင်ငံခြားသားသို့ဖြစ်စေ ခိုင်ကြေး (အလားတူပေးချေမှုများ) ပေးချေရာတွင်လည်းကောင်း ပင်ရင်းမှနုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန် တွက်ချက်နုတ်ယူခြင်းနှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနက မည်သို့ကျင့်သုံးဆောင်ရွက်ကြောင်း ရှင်းလင်းအသိပေးခြင်း ဖြစ်ပါသည်။

**အကျိုးသက်ရောက်သူများ**

၃။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်သည် ပင်ရင်းမှနုတ်ယူပေးသွင်းရမည့် ဝင်ငွေခွန် နုတ်ယူပေးသွင်းရန် တာဝန်ရှိသော (သို့မဟုတ်) လက်ခံရရှိသော ပြည်တွင်းနေနိုင်ငံသား၊ ပြည်တွင်းနေနိုင်ငံခြားသားနှင့် ပြည်ပနေနိုင်ငံခြားသားများအပေါ် အကျိုးသက်ရောက်ပါသည်။

**သက်ဆိုင်ရာဥပဒေနှင့်အမိန့်ကြော်ငြာစာပါပြဋ္ဌာန်းချက်များ**

၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ၁၆၊ ပုဒ်မခွဲ(ခ)အရ ပေးချေငွေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ငွေထုတ်ပေးချိန်တွင် ငွေထုတ်ပေးသူက ပင်ရင်းမှနုတ်ယူ၍ သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးသို့ ပေးသွင်းရန် တာဝန်ရှိပါသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့်

လစာခေါင်းစဉ်မှအပ အခြားပေးချေငွေ အမျိုးအစားများနှင့် စပ်လျဉ်း၍ ငွေထုတ်ပေးရန် တာဝန်ရှိသူက ငွေထုတ်ပေးချိန်တွင် သတ်မှတ်ထားသော ရာခိုင်နှုန်းများအတိုင်း ကျသင့်သော ဝင်ငွေခွန်ကို နုတ်ယူပေးသွင်းရန် အမိန့်ကြော်ငြာစာအမှတ်၊ ၄၇/၂၀၁၈ ကို ထုတ်ပြန်သတ်မှတ်ထားပါသည်။ ယင်းအမိန့်ကြော်ငြာစာ၏ အပိုဒ် ၆၊ အပိုဒ်ခွဲ (ဂ) တွင် "ပင်ရင်းမှ နုတ်ယူပေးသွင်းရမည့် ဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းကို ငွေလက်ခံသူက သဘောတူလက်ခံရန် ငြင်းဆိုခြင်းကြောင့် ငွေပေးချေသူက နုတ်ယူပေးသွင်းရမည့် တာဝန်မှ လွတ်ကင်းခွင့်မရှိစေရ" ဟု ဖော်ပြပါရှိပါသည်။

**လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်**

၅။ "ပင်ရင်းမှနုတ်ယူပေးသွင်းခြင်း" ဟူသောစကားရပ်သည် ပေးချေငွေမှ အခွန်ကိုနုတ်ယူ၍ ကျန်ငွေကိုသာ ငွေလက်ခံသူသို့ ပေးအပ်ရန်ဟူ၍ အဓိပ္ပာယ်ရပါသည်။ ဥပမာအားဖြင့် ပြည်ပနေ နိုင်ငံခြားသားထံမှ ချေးငွေရယူခြင်းအတွက် အတိုးပေးချေရမည့် ပမာဏသည် ကျပ် ၁,၀၀၀,၀၀၀ ဖြစ်ပါက ထိုပေးချေငွေအတွက် ပင်ရင်းမှနုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန် ရာခိုင်နှုန်းသည် ၁၅ ရာခိုင်နှုန်း ဖြစ်သောကြောင့် ထိုငွေထုတ်ချေးသူသို့ ကျပ် ၈၅၀,၀၀၀ သာ ပေးချေရမည်ဖြစ်ပြီး ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပင်ရင်းမှနုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန် ကျပ် ၁၅၀,၀၀၀ နုတ်ယူပေးသွင်းရမည် ဖြစ်ပါသည်။

၆။ သို့ရာတွင် အတိုးပေးချေငွေ၊ လိုင်စင်၊ကုန်အမှတ်တံဆိပ်မူပိုင်အခွင့်အရေးစသည့် အသုံးချခွင့်အတွက် ခိုင်ကြေးပေးချေငွေများနှင့်စပ်လျဉ်း၍ ငွေလက်ခံသူများသည် ၎င်းတို့ကိုပေးချေရမည့်ငွေမှ ပင်ရင်းမှ နုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန် နုတ်ယူခြင်းမပြုပဲ Gross up တန်ဖိုးဖြင့်သာ ပေးချေရန် သဘောတူ စာချုပ်ချုပ်ဆိုလေ့ရှိကြပါသည်။ Gross up တန်ဖိုးဆိုသည်မှာ ပင်ရင်းမှနုတ်ယူပေးသွင်းရမည့် ဝင်ငွေခွန်မပါပဲ ကတိပြုထားသည့် ငွေပမာဏအတိုင်း အပြည့်ပေးချေရမည့် တန်ဖိုးဖြစ်ပါသည်။ (Gross up which means that they would receive the full amount promised to them without deduction for tax) ထိုသို့ Gross up တန်ဖိုးဖြင့် ပေးချေရမည့်အခါများတွင် ငွေပေးချေသူများသည် ပင်ရင်းမှနုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန်အား လွဲမှားစွာနုတ်ယူ၍ ပေးဆောင်နေကြပါသည်။ အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ပင်ရင်းမှနုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန်ကို အောက်ပါအတိုင်းတွက်ချက်၍ နုတ်ယူပေးသွင်းရပါမည်-

$$\textbf{ပင်ရင်းမှနုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန်} = \frac{\textbf{စုစုပေါင်းပေးချေငွေ}}{၁ - \frac{\textbf{WHT နှုန်း}}{၁၀၀}} - \textbf{စုစုပေါင်းပေးချေငွေ}$$

$$\textbf{ပင်ရင်းမှနုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန်} = \frac{၁,၀၀၀,၀၀၀}{(၁ - ၀.၁၅)} - ၁,၀၀၀,၀၀၀ = ၁၇၆,၄၇၁\text{ကျပ်}$$

ရှင်းလင်းချက်။ ငွေထုတ်ပေးသူ (သို့မဟုတ်) မူပိုင်ခွင့်ရှိသူထံသို့ ပေးချေရမည့်ပမာဏသည် ကျပ် ၁,၀၀၀,၀၀၀ အပေါ် နုတ်ယူရမည့်နှုန်းမှာ ၁၅ % ဖြစ်ပါက ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရသည့် ပင်ရင်းမှနုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန်သည် ကျပ် ၁၇၆,၄၇၁ ဖြစ်ပါသည်။

၇။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကို ပိုမိုရှင်းလင်းစွာသိရှိနိုင်ရန် အောက်ဖော်ပြပါ ဥပမာဖြစ်စဉ်များဖြင့် ရှင်းလင်းဖော်ပြပါသည် -

(က) ဖြစ်စဉ် ၁။ **ပြည်ပနေ နိုင်ငံခြားသားများသို့ အတိုးပေးချေခြင်း (NET)**

ကုမ္ပဏီအေသည် ဂျာမနီနိုင်ငံတွင် အခြေချနေထိုင်သည့် နိုင်ငံခြားသားငွေထုတ်ချေးသူထံမှ ချေးငွေ-၁ ကို ချေးယူခဲ့ပါသည်။ ချေးငွေသဘောတူညီမှုစာချုပ်တွင် ချေးငွေအပေါ် အတိုးပေးချေမှုများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမှချမှတ်ထားသော အခွန်ဆိုင်ရာလိုက်နာဆောင်ရွက်မှုများကို ဆောင်ရွက်မည်ဟု ချုပ်ဆိုခဲ့ပါသည်။ ချေးငွေ-၁ အပေါ် အတိုးပေးချေရမည့် ငွေပမာဏသည် ကျပ် ၅,၀၀၀,၀၀၀ ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဂျာမနီနိုင်ငံနှင့် အခွန်နှစ်ထပ်ကျသင့်မှုရှောင်ရှားရေး သဘောတူစာချုပ်ချုပ်ဆိုထားခြင်းမရှိပါ။ ထို့ကြောင့် အဆိုပါကိစ္စရပ်အပေါ် ကုမ္ပဏီအေသည် ပင်ရင်းမှနုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန်အား အောက်ပါအတိုင်း တွက်ချက်၍ နုတ်ယူပေးသွင်းရပါမည်-

**ပင်ရင်းမှနုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန်** = ၅,၀၀၀,၀၀၀ x ၁၅ ရာခိုင်နှုန်း = ၇၅၀,၀၀၀ ကျပ်

**နိုင်ငံခြားသားငွေထုတ်ချေးသူထံပေးချေငွေ** = ၄,၂၅၀,၀၀၀ ကျပ်

(ခ) ဖြစ်စဉ် ၂။ **ပြည်ပနေ နိုင်ငံခြားသားများသို့ အတိုးပေးချေခြင်း (GROSSED)**

ကုမ္ပဏီအေသည် ဂျာမနီနိုင်ငံတွင် အခြေချနေထိုင်သည့် အခြားနိုင်ငံခြားသားငွေထုတ်ချေးသူထံမှ ချေးငွေ-၂ ကို ထပ်မံချေးယူခဲ့ပါသည်။ ဒုတိယချေးငွေသဘောတူညီမှုစာချုပ်တွင် ကုမ္ပဏီအေက မြန်မာနိုင်ငံမှ ကောက်ခံလျက်ရှိသော ပင်ရင်းမှနုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန် နုတ်ယူခြင်းမပြုရပါဟု ချုပ်ဆိုခဲ့ပါသည်။ ချေးငွေ-၂ အပေါ် အတိုးပေးချေရမည့် ငွေပမာဏသည် ကျပ် ၅,၀၀၀,၀၀၀ ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဂျာမနီနိုင်ငံနှင့် အခွန်နှစ်ထပ်ကျသင့်မှုရှောင်ရှားရေး သဘောတူစာချုပ်ချုပ်ဆိုထားခြင်း မရှိပါ။ ထို့ကြောင့် အဆိုပါကိစ္စရပ်အပေါ် ကုမ္ပဏီအေသည် ငွေထုတ်ချေးသူသို့ စုစုပေါင်းပေးချေရသည့်အတိုးပေးငွေများ (grossed up) အပေါ် ပင်ရင်းမှနုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန်ကို အောက်ပါအတိုင်း တွက်ချက်၍ နုတ်ယူပေးသွင်းရပါမည်-

**ပင်ရင်းမှနုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန်=** $\frac{၅,၀၀၀,၀၀၀}{၁-၀.၁၅}$ - ၅,၀၀၀,၀၀၀ = ၈၈၂,၃၅၃ကျပ်

**နိုင်ငံခြားသားငွေထုတ်ချေးသူထံသို့ပေးချေငွေ** = ၅,၀၀၀,၀၀၀ ကျပ်

(ဂ) ဖြစ်စဉ် ၃။ **ပြည်ပနေ နိုင်ငံခြားသားများသို့ ခိုင်ကြေးပေးချေခြင်း (GROSSED)**

ကုမ္ပဏီဘီသည် စင်ကာပူနိုင်ငံမှ ဉာဏပစ္စည်းဆိုင်ရာမူပိုင်ခွင့်ရှိသူထံသို့ မူပိုင်ခွင့်အသုံးပြုခွင့် ခိုင်ကြေးပေးချေရမည် ဖြစ်ပါသည်။ ဉာဏပစ္စည်းဆိုင်ရာမူပိုင်ခွင့် အသုံးပြုမှု သဘောတူစာချုပ်တွင် ကုမ္ပဏီဘီက မြန်မာနိုင်ငံမှကောက်ခံလျက်ရှိသော ပင်ရင်းမှနုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန် နုတ်ယူခြင်းမပြုရပါဟု သဘောတူစာချုပ်ချုပ်ဆိုခဲ့ပါသည်။ အသုံးပြုခွင့်အတွက် ခိုင်ကြေးပေးချေရမည့် ငွေပမာဏမှာ ၁၀,၀၀၀,၀၀၀ ကျပ် ဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံတို့ချုပ်ဆိုထားသည့် အခွန်နှစ်ထပ်ကျသင့်မှု ရှောင်ရှားရေးသဘောတူစာချုပ်တွင် ခိုင်ကြေးပေးချေမှုအတွက် ပင်ရင်းမှနုတ်ယူပေးသွင်းရမည့် ဝင်ငွေခွန်ရာခိုင်နှုန်းအား ၁၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချထားပါသည်။ ထို့ကြောင့်အဆိုပါကိစ္စရပ်အပေါ် ကုမ္ပဏီဘီသည် ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ရှိသူထံသို့ စုစုပေါင်းပေးချေရသည့်ခိုင်ကြေးများ (grossed up) အပေါ် အခွန်နှစ်ထပ်ကျသင့်မှုရှောင်ရှားရေး သဘောတူစာချုပ်ပါရာခိုင်နှုန်းဖြင့် ပင်ရင်းမှနုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန်ကို အောက်ပါအတိုင်း တွက်ချက်၍ နုတ်ယူပေးသွင်းရပါမည်-

**ပင်ရင်းမှနုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန်=** $\frac{၁၀,၀၀၀,၀၀၀}{၁-၀.၁}$ - ၁၀,၀၀၀,၀၀၀ = **၁,၁၁၁,၁၁၁ကျပ်**

**မူပိုင်ခွင့်အသုံးပြုခွင့်အတွက်ပေးချေငွေ** = ၁၀,၀၀၀,၀၀၀ ကျပ်

၈။ ဤလိုက်နာကျင့်သုံးရန်သတိမှတ်ချက်ကို လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်သည်။

(မင်းထွန်း)
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊၁(၂)/ဥစ -၁ / ပတခ /၂၀၁၉(၇၅၁၅)
ရက်စွဲ ၊ ၂၀၁၉ခုနှစ် ၊ ဇူလိုင် လ ၁ ရက်

ဖြန့်ဝေခြင်း

မြန်မာနိုင်ငံစာရင်းကောင်စီ

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်၊ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။ |

ဒုတိယညွှန်ကြားရေးမှူးချုပ်(အားလုံး)

ဌာနခွဲညွှန်ကြားရေးမှူး(အားလုံး)

| | |
|---|---|
| ဌာနမှူး၊အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး<br>ဌာနမှူး၊အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊(၂)၊(၃)၊(၄)<br>တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူး(အားလုံး) | သက်ဆိုင်ရာအခွန်ထမ်းများကို အသိပေးရှင်းလင်းရန်ညွှန်ကြားပေးပို့ပါသည်။ |

ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ